# BURMA BUDDHIST ASSOCIATION OF ONTARIO

12 High Meadow Pl, Toronto, Ontario, Canada, M9L 2Z5.

Tel: (416) 747-7879 | Website: www.bbaontario.ca | Email: BBAO@bbaontario.ca

**BBAO သတင်းလွှာ #2-2026၊ ဇူလိုင်လ ၂၀၂၆ ခုနှစ်**

**လေးစားအပ်ပါသော ဓမ္မမိတ်ဆွေများရှင်/ခင်ဗျာ။**

အားလုံးပဲ နွေရာသီကာလကို ပျော်ရွှင်ချမ်းမြေ့စွာ ဖြတ်သန်းနိုင်ခဲ့ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

ယခုအခါ သီတင်းသီလ ဆောက်တည်ရာ ငြိမ်းချမ်းလှသည့် ဝါဆိုလပြည့် ဥပုသ်နေ့ကို ကြိုဆိုလိုက်သည် နှင့်အညီ မြင့်မြတ်လှသည့် ဝါတွင်းကာလပတ်လုံး မဂ္ဂင်ရှစ်ပါး တရားတော်မြတ်ကြီးကို မိမိတို့၏ နေ့စဉ်ဘဝ၌ ကျင့်ကြံအားထုတ်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။ မဂ္ဂင်ရှစ်ပါး သတိပဋ္ဌာန် တရားတော်များကို ပွားများအားထုတ်ခြင်းဖြင့် မိမိ နှင့် တကွ လူ၊ နတ်၊ ဗြဟ္မာ၊ ဝေနေယျ သတ္တဝါ အပေါင်းတို့အား ငြိမ်းချမ်းမှုများ ဆောင်ကြဉ်းပေးနိုင်ကြပါစေ။

အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ဝါတွင်းကာလဖြစ်ပါစေ။

**“ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု”**




**သုံးလပတ်အတွင်း BBAO ၏ အဓိကဆောင်ရွက်ချက်များ (ဧပြီ ၂၀၂၆ – ဇွန် ၂၀၂၆)**

- မြန်မာနှစ်သစ်ကူး မင်္ဂလာအခမ်းအနားကို ၂၀၂၆ ခုနှစ် ဧပြီလ ၁၂ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါပွဲကို ဦးမျိုးဝင်းနှင့် သားဖြစ်သူ Dominic Win တို့က ကမကထပြုပါသည်။
- မဟာဓမ္မိကကျောင်းတော် ဗုဒ္ဓနေ့ နှင့် ကဆုန်လပြည့်နေ့ အခမ်းအနားကို ၂၀၂၆ ခုနှစ် မေလ ၃ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါပွဲကို ဒေါက်တာဦးလှထွန်း၊ ဒေါက်တာဒေါ်ခင်မကြီးနှင့် မိသားစုမှ ကမကထပြုပါသည်။
- သုံးရက်ကြာ ဝိပဿနာတရားစခန်းပွဲကို ၂၀၂၆ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှ ၁၈ ရက်နေ့အထိကျင်းပပြုလုပ် ခဲ့ပါသည်။ အဆိုပါပွဲကို အရှင်ဩဿဓနှင့် အရှင်သိဒ္ဓိဗလတို့က တရားအားထုတ် မှုအစီအစဉ်များကို ဦးဆောင် လမ်းညွှန်ပေးခဲ့ကြပြီး ညနေပိုင်းတွင် ဆရာတော် ဦးနန္ဒသိရိက တရားတော်ဟောကြားပေးခဲ့ပါသည်။ သုံးရက်တာကာလအတွင်း နေ့ဆွမ်းအလှူရှင်များအဖြစ် ဒေါက်တာတိုးတိုးလွင်နှင့် ဒေါက်တာမိုးဝင်းသာ မိသားစု၊ ဦးသန်းဝင်းနှင့် ဒေါ်စောတင် မိသားစု၊ နှင့် ဒေါက်တာလှဝင်းနှင့် ဒေါက်တာအေးအေးခိုင် မိသားစုတို့က အသီးသီး ပါဝင်လှူဒါန်းခဲ့ကြပါသည်။

- မဟာသမယနေ့နှင့် BBAO နှစ်စဉ်နိဗ္ဗာန်ဈေး ကို ၂၀၂၆ ခုနှစ် ဇွန်လ ၇ ရက်နေ့တွင် ကျင်းပခဲ့ပါသည်။ အဆိုပါပွဲကို BBAO အဖွဲ့ဝင်များအားလုံး စုပေါင်းပံ့ပိုးကူညီခဲ့ပါသည်။

**အခြားသတင်းများနှင့် ကြေငြာချက်များ**

- BBAO သည် ၂၀၂၆ ခုနှစ် မေလ ၂၃ ရက်နေ့တွင် Mississauga Celebration Square တွင်ကျင်းပသော အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓမွေးနေ့ အခမ်းအနားတွင် ပါဝင်ဆင်နွှဲခဲ့ပါသည်။
- ၂၀၂၆ ခုနှစ်အတွက် စနေနေ့တိုင်း ညနေ ၄ နာရီမှ ၆ နာရီအထိ တရားဘာဝနာ နှင့် တရားတော်များ ဟောကြားဆွေးနွေးခြင်းအစီအစဉ်များကို ပြုလုပ်လျက်ရှိပါသည်။ BBAO အဖွဲ့ဝင်များအားလုံးကို ဤအစီအစဉ်များတွင် ပါဝင်ဆင်နွှဲကြပါရန် ဖိတ်ကြားအပ်ပါသည်။
- ၂၀၂၇-၂၀၂၈ ခုနှစ်အတွက် BBAO အမှုဆောင်ကော်မတီ (EC) ကို ရွေးချယ်ပြီးစီးခဲ့ပြီ ဖြစ်ပါသည်။ အဆိုပါအမှုဆောင်ကော်မတီအဖွဲ့သစ်သည် တာဝန်လွှဲပြောင်းယူမည့် ကာလအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် အမှုဆောင်ကော်မတီအဖွဲ့နှင့်အတူ ပူးပေါင်းလုပ်ဆောင်လျက်ရှိပါသည်။ ရွေးချယ်ခံရသော အမှုဆောင်အရာရှိများအား ကြေညာခြင်းနှင့် တာဝန်များ တရားဝင်လွှဲပြောင်းပေးအပ်ခြင်းတို့ကို ၂၀၂၇ ခုနှစ် ဇန်နဝါရီလတွင် ပြုလုပ်သွားမည် ဖြစ်ပါသည်။
- BBAO နှင့် ပူးပေါင်း၍ စေတနာ့ဝန်ထမ်းလုပ်ငန်းများ လုပ်ဆောင်ခြင်းအပါအဝင် မြန်မာ-ကနေဒါ လူ့အဖွဲ့အစည်းအတွင်း တက်ကြွစွာ ပါဝင်လှုပ်ရှားနေကြသော ကျောင်းသား/ကျောင်းသူများအတွက် ၂၀၂၇-၂၀၂၈ ပညာသင်နှစ်အတွက် White Lotus Metta ပညာသင်ဆုအစီအစဉ်ကို စတင်မိတ်ဆက်လိုက်ပါသည်။ အသေးစိတ်အချက်အလက်များကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ https://whitelotusmetta.com/

**BBAO ဘဏ္ဍာရေးအစီရင်ခံစာ**

**ဇန်နဝါရီလ ၂၀၂၆ မှ ဇွန်လ ၂၀၂၆ အထိ BBAO ဘဏ္ဍာရေးအစီရင်ခံစာ**

| Bank Balance | January | February | March | April | May | June | |
|---|---|---|---|---|---|---|---|
| Beginning balance of the month | 360,287.06 | 366,998.90 | 365,511.55 | 368,219.19 | 367,609.30 | 369,900.43 | |
| Ending balance of the month | 366,998.90 | 365,511.55 | 368,219.19 | 367,609.30 | 369,900.43 | 379,035.88 | |
| **CASH IN** | | | | | | | |
| **Donations ($)** | **January** | **February** | **March** | **April** | **May** | **June** | **YTD** |
| Total donation received in the month | 11,041.21 | 8,203.03 | 8,272.81 | 5,417.63 | 7,355.97 | 18,371.24 | 58,661.89 |
| | 11,041.21 | 8,203.03 | 8,272.81 | 5,417.63 | 7,355.97 | 18,371.24 | 58,661.89 |
| **CASH OUT** | | | | | | | |
| **Regular Services ($)** | **January** | **February** | **March** | **April** | **May** | **June** | **YTD** |
| Electricity | 1,288.14 | 1,199.31 | 1,105.92 | 982.05 | 862.76 | 708.04 | 6,146.22 |
| Gas | 497.45 | 618.94 | 541.98 | 461.24 | | 442.93 | 2,562.54 |
| Enercare | 217.75 | 217.75 | 219.87 | 219.87 | 219.87 | 219.87 | 1,314.98 |
| Tel & Internet | 267.75 | 265.49 | 265.49 | 265.49 | 265.49 | 265.49 | 1,595.20 |
| Garbage pickup | 124.63 | 123.55 | 128.41 | 145.21 | 145.21 | 145.37 | 812.38 |
| Water/Sewer | - | 814.89 | - | - | - | 632.66 | 1,447.55 |
| Pest control | 152.55 | 152.55 | - | 329.50 | - | 164.75 | 799.35 |
| Cleaning Service | 300.00 | 400.00 | 400.00 | - | - | 200.00 | 1,300.00 |
| **Regular Service Expense Monthly Totals =** | **2,848.27** | **3,792.48** | **2,661.67** | **2,403.36** | **1,493.33** | **2,779.11** | **15,978.22** |

| Other major expenses ($) | January | February | March | April | May | June | YTD |
|---|---|---|---|---|---|---|---|
| Insurance for monks travel | | 79.80 | | | | | 79.80 |
| Hygiene & medicinal items for resident monks | 139.18 | | 296.31 | 20.21 | | | 455.70 |
| Food items for temple | 210.94 | | 193.55 | 138.27 | 168.76 | 640.60 | 1,352.12 |
| Luch offer by BBAO | | 609.89 | | | | | 609.89 |
| Flowers and Fruits | | 2,208.61 | | | | | 2,208.61 |
| Kitchen and cleaning supplies | 447.32 | | | 141.59 | 509.13 | 46.90 | 1,144.94 |
| Office expenses | | 373.24 | | | 146.90 | | 520.14 |
| Monitoring System | | | | | | 366.12 | 366.12 |
| Domain Renewal | | | | 174.41 | | | 174.41 |
| Cloud Subscription | | | | 155.18 | | | 155.18 |
| Building improvement | 280.93 | | | | 81.67 | 168.16 | 530.76 |
| Cabinet repir (basement) | | | 95.39 | | | | 95.39 |
| Snow Plowing for Winter 2026 | | 2,994.50 | | 2,994.50 | | 2,994.50 | 8,983.50 |
| Summer Ground Service | | | | | 1,565.05 | | 1,565.05 |
| Donation to monks (Ovada Padimokka) | 200.00 | | | | | | 200.00 |
| Donation to monks (Tabaung Pwe) | | | 300.00 | | | | 300.00 |
| Donations to monks (Myanmar New Year Blessing) | | | | 400.00 | | | 400.00 |
| Donations to monks (Kasone) | | | | | 400.00 | | 400.00 |
| Donation to resident monks (relinquised waso robes) | | 610.00 | | | | | 610.00 |
| Donation to Guest monk | | | | | 100.00 | | 100.00 |
| Donation to Monks (Mahathamaya Day) | | | | | | 400.00 | 400.00 |
| Zoom and One Drive Subscription Annual | 242.84 | | | | | | 242.84 |
| Vesak Day | | | 500.00 | | | 494.04 | 994.04 |
| Food Fair Cost Including Tent Purchase | | | | | | 1,346.36 | 1,346.36 |
| Remaining balance in Petty cash (Cheque Issue) | | | 500.00 | | 200.00 | | 700.00 |
| **Other Expenses Total** | 1,521.21 | 6,876.04 | 1,885.25 | 4,024.16 | 3,171.51 | 6,456.68 | 23,934.85 |
| **TOTAL EXPENSES OF THE MONTH** | 4,369.48 | 10,668.52 | 4,546.92 | 6,427.52 | 4,664.84 | 9,235.79 | 39,913.07 |
| **Cash Flow +/-** | **6,671.73** | **(2,465.49)** | **3,725.89** | **(1,009.89)** | **2,691.13** | **9,135.45** | **18,748.82** |

**မှတ်ချက်-**

ဖော်ပြထားသော "လဆန်း" နှင့် "လကုန်" ငွေများသည် လစဉ်ဘဏ်ရှင်းတမ်းများအတိုင်းဖြစ်သည်။
မဟာဓမ္မိကကျောင်းတော်၏ လစဉ်ကုန်ကျစရိတ်နှင့် ပြုပြင်ထိန်းသိမ်းစရိတ်များအတွက် ပုံမှန်အလှူငွေများ လိုအပ်နေသောကြောင့် ဓမ္မမိတ်ဆွေများနှင့် စေတနာရှင်များမှလှူဒါန်းမှုများကို အထူးပင် ကျေးဇူးတင်ရှိပါသည်။
BBAO e-transfer ကို **bbaodana@gmail.com** သို့ "auto-deposit" ဖြင့်တိုက်ရိုက်ပေးပို့ လှူဒါန်းနိုင်ရန်စီစဉ်ထားပါသည်။

**"သင်နှင့် သင့်မိသားစုအတွက် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ပျော်ရွှင်ခြင်း နှင့် ငြိမ်းချမ်းခြင်းတို့နှင့် အတူတည်ရှိပါစေကြောင်း BBAO မိသားစုမှ ဆုမွန်ကောင်းတောင်းအပ်ပါသည်။**

**သင်၏ စဉ်ဆက်မပြတ် ပံ့ပိုးမှုအတွက် စေတနာ့ဝန်ထမ်းများ၊ အလှူရှင်များနှင့် အဖွဲ့ဝင်များအားလုံးကို ကျွန်ုပ်တို့ အထူးကျေးဇူးတင်ရှိပါသည်။"**

မေတ္တာဖြင့်...

BBAO အလုပ်အမှုဆောင်ကော်မတီအဖွဲ့ (၂၀၂၅-၂၀၂၆) ~ (၂၀၂၇-၂၀၂၈)